www.burmeseclassic.com

မြန်မာနိုင်ငံခေတ်အဆက်ဆက်

# နိုင်ငံတော်သမ္မတများ



ဒေါ်အုန်းကြည်သား (စုဆောင်းတင်ပြသူ)

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

၂၀၁၃ ခုနှစ်၊ မတ်လ၊
ပထမအကြိမ်၊ အုပ်ရေ (၁၀၀၀)

တန်ဖိုး - ( ၅၀၀ ) ကျပ်
စီစဉ်သူ - ဖော်မင်း (ပညာရေး)
မျက်နှာဖုံးနှင့်အတွင်းဒီဇိုင်း - အောင်မျိုးသန့်
ထုတ်ဝေသူ - ဦးချစ်ညွှန့်(ဖင်ရတနာစာပေ)၊ ၂၀၅-က/၄ လမ်း၊
မြို့သစ်(က+ခ)ရပ်ကွက်၊ အင်းစိန်။

မျက်နှာဖုံးနှင့်
အတွင်းပုံနှိပ်သူ - ဦးမောင်မောင်ထွဋ် (စံထားမိုးအော့ဖ်ဆက်)
အမှတ်(၂၇)၊ မာန်ပြေ-၂၁လမ်း(အရှေ့)၃-ရပ်ကွက်၊
သာကေတမြို့နယ်၊ ရန်ကုန်။


ဖြန့်ချိရေး - ကောင်းထွဋ်စာပေ
အမှတ်(၂၇)၊ မာန်ပြေ ၂၁ လမ်း(အရှေ့)၊
၃ ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း - ၇၃၀၂၀၁၇၁

အတွင်းဖလင် - မိုးကြီး(သာကေတ)

ထုတ်ဝေသည့်စာအုပ်၊ ကတ်တလောက်အညွှန်း (CIP)

ဒေါ်အုန်းကြည်သား ၉၂၀-၁

မြန်မာနိုင်ငံ ခေတ်အဆက်ဆက် နိုင်ငံတော်သမ္မတများ
ဖင်ရတနာစာပေ၊ ၂၀၁၃၊ ရန်ကုန်။
၅၆ - စာ၊ ၁၂ x ၁၈ စင်တီ။
(၁) မြန်မာနိုင်ငံ ခေတ်အဆက်ဆက် နိုင်ငံတော်သမ္မတများ

# မြန်မာနိုင်ငံခေတ်အဆက်ဆက်
# နိုင်ငံတော်သမ္မတများ

ဒေါ်အုန်းကြည်သား
ရှာဖွေစုဆောင်းတင်ပြသည်

www.burmeseclassic.com

www.burmeseclassic.com

ဘုရား - တရား - သံဃာ

အဖေ ဦးသိန်းလွင် + အမေဒေါ်အုန်းကြည်

ဆရာ-ဘဆရာကြီးမင်းသိမ်တို့အား

ကျိုးစားအုပ်ဖြင့် ကန်တော့ပါ၏။

ဒေါ်အုန်းကြည်သား

"သမိုင်းဆိုတာ

လူတိုင်း သိသင့်တဲ့

အကြောင်းအရာတစ်ခုပဲ"

ဆရာကြီးသခင်ကိုယ်တော်မှိုင်း

www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


■ လူ့သမိုင်း ---------- ၇

၁။ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏
ပထမဦးဆုံးသမ္မတ စပ်ရွှေသိုက် ---------- ၁၁

၂။ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏
ဒုတိယမြောက်သမ္မတ ဒေါက်တာဘဦး ---------- ၁၆

၃။ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏
တတိယမြောက်သမ္မတ မန်းဝင်းမောင် ---------- ၂၀

၄။ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏
စတုတ္ထမြောက်သမ္မတ ဦးနေဝင်း ---------- ၂၅

၅။ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏
ပဉ္စမမြောက်သမ္မတ ဦးစန်းယု ---------- ၃၀

၆။ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏
ဆဋ္ဌမမြောက်သမ္မတ ဦးစိန်လွင် ---------- ၃၅

၇။ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏
သတ္တမမြောက်သမ္မတ ဒေါက်တာမောင်မောင် ---------- ၄၀

၈။ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏
အဋ္ဌမမြောက်သမ္မတ ဦးသိန်းစိန် ---------- ၄၅

■ လူထုကိုယ်စား ---------- ၅၂


# လူ့သမိုင်း

လူမျိုးတိုင်းသည် နိုင်ငံ့သမိုင်းကို မသိပါက အမျိုးဂုဏ် ဇာတိဂုဏ်ကို သိနိုင်မည်မဟုတ်ချေ။

"သမိုင်းဆိုတာ လူတိုင်း၏ သိသင့်တဲ့အကြောင်းအရာ တစ်ခုပဲ"ဟု ဆရာကြီးသခင်ကိုယ်တော်မှိုင်းက ပြောဆိုမိန့်ကြား ခဲ့ဖူးလေ၏။

နိုင်ငံသမိုင်းသည် လူ့သမိုင်းပင်ဖြစ်ရာ နိုင်ငံသမိုင်းကို လေ့လာ မှတ်သား၍ နိုင်ငံသမိုင်းအစဉ်အား ဖော်ညွှန်းသည့်လူ့သမိုင်းများ သိခဲ့ရလေ၏။

မြန်မာ့သမိုင်းကို ကြည့်လိုက်ပါက တကောင်း အဘိရာဇာ သာကီဝင်မျိုးဟူသည်က စခဲ့လေ၏။

www.burmeseclassic.com



ထိုသမိုင်းထဲတွင် လူ့သမိုင်းတွင်မှ အားကျဖွယ်ရာများရှိသလို အတုယူ ဖွယ်ရာများနှင့် ရှောင်ရန်ဆောင်ရန်များကိုပါ တွေ့ကြရမှာ ဖြစ်လေ၏။

လူ့သမိုင်းများနှင့်အတူ

ပုဂံ

အင်းဝ

တောင်ငူ

ကုန်းဘောင် စသည့်ခေတ်များနှင့်အတူ အတုယူဖွယ်၊ အားကျဖွယ် ပုဂ္ဂိုလ်ထူးများကို တွေ့ခဲ့ကြရာ···

(၁) အနော်ရထာမင်းကြီး

(၂) ကျန်စစ်သားမင်းကြီး

(၃) သာလွန်မင်းတရားကြီး

(၄) ဘုရင့်နောင်မင်းတရားကြီး

(၅) တကောင်းမင်းတရားကြီး

(၆) မင်းတုန်းမင်းတရားကြီးတို့ပင် ဖြစ်လေ၏။

ထိုမင်းကြီးများက လွန်စွာမှ အားကျဖွယ်၊ ဂုဏ်ယူဖွယ်ရာများ ဖြစ်ခဲ့ဖူးလေ၏။

ထိုပုဂ္ဂိုလ်ကြီးများ၏ ဦးဆောင်မှုဖြင့် စစ်ရေး နိုင်ငံရေးတိုးတက် များက လွန်စွာမှ အံ့မခန်းပင်ဖြစ်လေ၏။





ထို့ကြောင့် သူ့ကျွန်မခံလိုသည့် မြန်မာတိုင်းရင်းသားတို့က နယ်ချဲ့တို့အား ရရာလက်နက်စွဲကိုင်ကာ တော်လှန်ခဲ့ကြကုန်၏။ ဤသည်မှစ၍ တော်လှန်ရေးသူရဲကောင်းများ များစွာပေါ်ပေါက်လာခဲ့လေတော့၏။

ပဒေသရာဇ်စနစ်ချုပ်ငြိမ်းပြီးဆုံးသွားသည့်နောက် ကျောင်းသားခေါင်းဆောင် ကိုအောင်ဆန်း၊ သခင်အောင်ဆန်း၊ ဗိုလ်တေဇမှပင် ဗိုလ်ချုပ်အောင်ဆန်း၏ နိုင်ငံရေးဇာတ်ဝင်ခန်းများက မြန်မာ့သမိုင်းစဉ်နှင့်အတူ ယှဉ်တွဲလျက်ရှိ၏။

၁၉၄၇ ခုနှစ်၊ ဇူလိုင်လ (၁၉)ရက်နေ့တွင် နယ်ချဲ့လက်ပါးစေ လူတစ်စုက မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းနေကြသည့် ဗိုလ်ချုပ် အောင်ဆန်းတို့အား လုပ်ကြံသတ်ဖြတ်လိုက်လေတော့၏။

ဗိုလ်ချုပ်အောင်ဆန်းတို့အား လုပ်ကြံသတ်ဖြတ်လိုက်ပြီးသော အခါ ပြည်ထောင်စုမြန်မာနိုင်ငံတွင် သမ္မတဟူသောပုဂ္ဂိုလ်များ ၁၉၄၈ ခုနှစ်မှ ပေါ်ပေါက်လာရာ လက်ရှိအခြေအနေအထိ သမ္မတပေါင်း (၈)ဦး ရှိခဲ့လေတော့၏။

❖ ❖ ❖

www.burmeseclassic.com



စပ်ရွှေသိုက် (၁၈၉၆-၁၉၆၂)
ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ပထမဦးဆုံးသမ္မတ



# စပ်ရွှေသိုက် (၁၈၉၆-၁၉၆၂)

## ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ပထမဦးဆုံးသမ္မတ

၁၈၉၆ ခုနှစ်၊ အောက်တိုဘာလ (၆)ရက်နေ့ သောကြာနေ့တွင် ရှမ်းပြည်နယ်တောင်ပိုင်း ရွှေညောင်မြို့တွင် မွေးဖွားခဲ့လေ၏။

မိဘများက ဖခင် ဆာစပ်မောင်း မိခင် မဟာဒေဝီတို့ ဖြစ်ကြပြီး ရှမ်းတိုင်းရင်းသားဖြစ်ကာ ဗုဒ္ဓဘာသာကို ကိုးကွယ်သူဖြစ်လေ၏။

စပ်ရွှေသိုက်သည် ငယ်စဉ်က ညောင်ရွှေစော်ဘွား ရှမ်းတိုင်းရင်းသားလူကြီးများ၏ သားသမီးတွေအတွက် တောင်ကြီးမြို့တွင် ဖွင့်လှစ်ထားသော ကျောင်းတွင် ပညာသင်ကြားခဲ့ရသူ ဖြစ်လေ၏။

၁၉၂၀ ပြည့်နှစ် - ၁၉၂၃ ခုနှစ်၊ ပထမကမ္ဘာစစ်အတွင်းက ဗမာ့သေနတ်ကိုင်တပ်ရင်း၌ အရှေ့မြောက်နယ်စပ်ဒေသ ဗမာ့တပ်ဖွဲ့များတွင် တာဝန်ထမ်းဆောင်ခဲ့လေ၏။

၁၉၂၇ ခုနှစ်၊ အောက်တိုဘာလက ညောင်ရွှေစော်ဘွားအဖြစ် ရွေးချယ်ခြင်းခံရပြီးလျှင် ၁၉၂၉ ခုနှစ် မတ်လ (၈)ရက်နေ့အထိ အသိအမှတ် ပြုခြင်းကို ခံခဲ့ရဖူးလေ၏။



www.burmeseclassic.com

www.burmeseclassic.com



၁၉၃၉ ခုနှစ်က စစ်မှုထမ်းရန် ပြန်လည်ခေါ်ဆောင်ခဲ့ရာ စပ်ရွှေသိုက်သည် ၁၉၄၂ ခုနှစ်အထိ ဗမာ့တပ်မတော်တွင် အမှုထမ်းခဲ့လေ၏။

၁၉၄၇ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရာတွင် စပ်ရွှေသိုက်က ကော်မတီအဖွဲ့ဝင်နှင့် ဥပဒေပြုအဖွဲ့ ဥက္ကဋ္ဌတာဝန် ထမ်းဆောင်ခဲ့လေ၏။

ထို့နောက် ၁၉၄၇ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေပြဋ္ဌာန်းချက်များအရ သမ္မတအား တိုင်းရင်းသားများအနက် အလှည့်ကျ ရွေးချယ်တင်မြှောက်သည့် စနစ်ဖြစ်သောကြောင့် ရှမ်းတိုင်းရင်းသား ကိုယ်စားပြု ရွေးချယ်တင်မြှောက်ရာတွင် စပ်ရွှေသိုက်မှာ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ပထမဦးဆုံးသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံရလေ၏။

၁၉၅၂ ခုနှစ်၊ လူမျိုးစုလွှတ်တော် နာယက ၁၉၄၇ ခုနှစ်မှ ၁၉၆၀ ပြည့်နှစ်အထိ လူမျိုးစုလွှတ်တော်အမတ်အဖြစ် ရွေးချယ်ခြင်း ခံခဲ့ရဖူးလေ၏။

၁၉၅၉ ခုနှစ်၊ ဧပြီလ (၂၉)ရက်နေ့တွင် နယ်ရှင် စော်ဘွားအာဏာကို စွန့်လွှတ်ခဲ့ပြီး အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မဘွဲ့တံဆိပ်များ ချီးမြှင့်ခြင်းခံခဲ့ရလေ၏။





၁၉၆၀ ပြည့်နှစ် ဩဂုတ်လက မြန်မာချစ်ကြည်ရေးအဖွဲ့ကို ခေါင်းဆောင်ကာ ချက်ကိုစလိုဗက်ကီးယားနိုင်ငံသို့ သွားရောက်ခဲ့၏။

မြောက်သိန္နီစော်ဘွား၏ နှမတော် စပ်ဟိန်းစစ်နှင့် လက်ထပ်ခဲ့ပြီး ဦးယုဂျင်းသိုက် (ခ) စပ်ဆေးခိုင် (ခ) စပ်ဆိုလန်မှ အပါအဝင် သားသမီးရှစ်ဦး ထွန်းကားခဲ့လေ၏။

အမှတ်(၇၄)၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကုန်မြို့တွင် နေထိုင်ပြီး၊ ၁၉၆၂ ခုနှစ်၊ မတ်လ (၂) ရက်၊ သောကြာနေ့ နံနက်(၁)နာရီ အချိန်မှစ၍ နိုင်ငံတော်အာဏာကို ဗိုလ်ချုပ်ကြီးနေဝင်း၏ တော်လှန်ရေးအစိုးရက သိမ်းယူလိုက်သည့်အခါ ပြည်ထောင်စုမြန်မာနိုင်ငံတော် သမ္မတဟောင်း စပ်ရွှေသိုက်မှာလည်း ထိန်းသိမ်းခြင်းခံလိုက်ရလေတော့၏။

သမ္မတဟောင်း စပ်ရွှေသိုက်မှာ အကျဉ်းသားဘဝနှင့်ပင် ၁၉၆၂ ခုနှစ်၊ နိုဝင်ဘာလ(၂၁)ရက်၊ ဗုဒ္ဓဟူးနေ့တွင် ကွယ်လွန်သွားခဲ့ရာ ကွယ်လွန်ချိန်တွင် အသက် (၆၆) နှစ် အရွယ်သာ ရှိသေး၏။

ပြည်ထောင်စုမြန်မာနိုင်ငံတော် ပထမသမ္မတဟောင်း စပ်ရွှေသိုက်ဆိုသူသည် ခေနရှင်ပါလီမန်ခေတ်တွင် ပဒေသရာဇ်စိတ်ထားရှိသည့် သမ္မတကြီးအဖြစ် မှတ်တမ်းတင်ကြောင်း စာအုပ်စာတမ်းများတွင် ဖတ်ရှုခဲ့လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ပြည်ထောင်စုမြန်မာနိုင်ငံ ပထမဦးဆုံး သမ္မတအဖြစ် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ (၄)ရက်နေ့မှ ၁၉၅၂ ခုနှစ်၊ မတ်လ (၁၆)ရက်နေ့အထိ သမ္မတတာဝန်ကို ထမ်းဆောင်ခဲ့ဖူးလေသည်။ ။

❖ ❖ ❖







ဒေါက်တာဘဦး(၁၈၈၇-၁၉၆၃)

ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဒုတိယမြောက်သမ္မတ



www.burmeseclassic.com

www.burmeseclassic.com



# ဒေါက်တာဘဦး(၁၈၈၇-၁၉၆၃)

# ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဒုတိယမြောက်သမ္မတ

ဒေါက်တာ ဘဦးသည် ၁၈၈၇ ခုနှစ်၊ မေလ (၂၆)ရက် ကြာသပတေးနေ့တွင် အဖ ဦးဘိုးလှ၊ အမိ ဒေါ်ညွန့် တို့မှ မွေးဖွား ခဲ့လေ၏။

ဒေါက်တာ ဘဦးသည် ရောဝတီတိုင်း ပုသိမ်ဇာတိဖြစ်ပြီး ဗမာလူမျိုး ဗုဒ္ဓဘာသာကိုးကွယ်သူ ဖြစ်လေ၏။

ဒေါက်တာ ဘဦးသည် ရန်ကုန် အစိုးရအထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့ပြီးလျှင် ရန်ကုန်ကောလိပ်သို့ တက်ရောက်သင်ကြားခဲ့ဖူးလေ၏။

၁၉၀၇ ခုနှစ်တွင် ကိန်းဘရစ်ကောလိပ်သို့တက်ရောက်ခဲ့ကာ ၁၉၁၂ ခုနှစ်တွင် အယ်လ်အယ်လ်ဘီ(အမ်အေ) ဒေါက်တာဘွဲ့ကို ရရှိခဲ့လေ၏။

၁၉၁၃ ခုနှစ်တွင် ရှေ့နေလောကသို့ ဝင်ရောက်ခဲ့ပြီး ၁၉၂၁ ခုနှစ်အထိ ရန်ကုန်မြို့၌ ရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်ခဲ့လေ၏။

၁၉၂၁ ခုနှစ်တွင် ခရိုင်ရာဇဝတ်အုပ် တရားသူကြီးအဖြစ် ခန့်အပ်ခြင်းခံရပြီး ၁၉၂၂ ခုနှစ်တွင် ရန်ကုန်မြို့၌ ပြည်သူ့ဥပဒေ





အကျိုးဆောင်ဖြစ်၍ ၁၉၃၀ ပြည့်နှစ်တွင် တရားလွှတ်တော်ချုပ် တရားသူကြီး ဖြစ်ခဲ့ဖူးလေ၏။

၁၉၃၁ ခုနှစ်တွင် အထူးခုံရုံးအဖွဲ့ဝင် ၁၉၄၈-၅၂ ခုနှစ်တွင် ပြည်ထောင်စု မြန်မာနိုင်ငံတရားသူကြီးချုပ် စသည့်ရာထူးများကို ခန့်အပ်ခြင်းခံခဲ့ရလေ၏။

၁၉၄၇ ခုနှစ်တွင် ဗြိတိသျှအစိုးရက စားဆုနှင့် "ဆာ" ဘွဲ့ ချီးမြှင့်ခံရပြီး သူကောင်းပြုခြင်းကို ခံစားရသူဖြစ်လေ၏။

၁၉၅၂ ခုနှစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ဒုတိယ မြောက်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရလေ၏။

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သမ္မတတာဝန်ဖြင့် (၅)နှစ် တာ ဖြတ်သန်းခဲ့ပြီး ၁၉၅၇ ခုနှစ်၊ မတ်လ(၁၂)ရက် အင်္ဂါနေ့တွင် သမ္မတတာဝန်မှ အနားယူခဲ့လေ၏။

၁၉၅၅ ခုနှစ်တွင် ထိုင်းနိုင်ငံမှ ချီးမြှင့်သော "ဟိတ္တိသေနဘွဲ့"၊ ပြည်ထောင်စုမြန်မာနိုင်ငံက ချီးမြှင့်သော အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဂုဏ်ထူးဆောင်ဘွဲ့များကို ချီးမြှင့်ခြင်းခံခဲ့ ရလေ၏။

၁၉၆၀ ပြည့်နှစ်တွင် အစိုးရအတိုင်ပင်ခံ ကော်မတီဥက္ကဋ္ဌ အဖြစ် ခန့်အပ်ခြင်းကိုခံရပြီး "ကျွန်ုပ်၏ ဗမာပြည်၊ သမ္မတ၏



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ရေးမှတ်တမ်း" စာအုပ်ကို ရေးသားထုတ်ဝေခဲ့လေ၏။

၁၉၁၄ ခုနှစ်၊ ခရိုင်တရားသူကြီးဟောင်း ဦးအောင်ဇေ၏သမီး ဒေါ်ငြိမ်းနှင့်လက်ထပ်ခဲ့ရာ သားနှစ်ယောက် ထွန်းကားခဲ့လေ၏။

၁၉၂၂ ခုနှစ်တွင် ဇနီးဖြစ်သူ ဒေါ်ငြိမ်း ကွယ်လွန်ခဲ့ပြီးနောက် ၁၉၂၃ ခုနှစ်တွင် ရိက္ခာတော်ရ အရေးပိုင် ဦးဆိုးဖေ သမီးဒေါ်အေးနှင့် ဆက်လက် လက်ထပ်ရာ သမီး(၃)ယောက် သားနှစ်ယောက် ထွန်းကားခဲ့ပြန်၏။

၁၉၄၁ ခုနှစ်တွင် ဒုတိယဇနီး ဒေါ်အေး ကွယ်လွန်ခဲ့သော်လည်း နောက်ထပ်အိမ်ထောင်မပြုတော့ဘဲ အမှတ်(၅၄)၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြားလမ်း ရန်ကုန်တွင်နေထိုင်ပြီး ၁၉၆၃ နှဝင်ဘာလ (၉)ရက် စနေနေ့တွင် ကွယ်လွန်ခဲ့ရာ ကွယ်လွန်ချိန်မှာ အသက်(၇၆)နှစ် ရှိပြီဖြစ်၏။

ပြည်ထောင်စုမြန်မာနိုင်ငံ ဒုတိယသမ္မတ ဒေါက်တာ ဘဦး သည် ၁၉၅၂ ခုနှစ်၊ မတ်လ (၁၃) ရက် ဗုဒ္ဓဟူးနေ့အထိ သမ္မတတာဝန်ကို ထမ်းဆောင်ရာ ဗျူရိုကရက်စိတ် အပြည့်အဝရှိသူ သမ္မတ ဒေါက်တာ ဘဦး အဖြစ် မှတ်တမ်းတင်ခြင်း ခံရလေတော့သတည်း။

❖ ❖ ❖







မန်းဝင်းမောင် (၁၉၁၆-၁၉၈၉)
ပြည်ထောင်စုမြန်မာနိုင်ငံ တတိယမြောက်သမ္မတ



www.burmeseclassic.com

www.burmeseclassic.com



# မန်းဝင်းမောင် (၁၉၁၆-၁၉၈၉)

# ပြည်ထောင်စုမြန်မာနိုင်ငံ တတိယမြောက်သမ္မတ

ဦးဝင်းမောင် (သို့မဟုတ်) မန်းဝင်းမောင်သည် ၁၉၁၆ ခုနှစ် ဧပြီလ (၁၇)ရက် တနင်္လာနေ့တွင် မွေးဖွားခဲ့လေ၏။ မိဘနှစ်ပါးမှာ ဖခင်ပညာအုပ် ဦးရွှေရင် မိခင် ဒေါ်သာယာတို့မှ မွေးဖွားခဲ့၏။

မန်းဝင်းမောင်သည် ပုသိမ်ခရိုင်၊ ကျုံးပျော်မြို့နယ် သစ်ဆိပ်ရွာ ဇာတိဖြစ်ပြီး ကရင်တိုင်းရင်းသား တစ်ယောက်ဖြစ်ကာ ဗုဒ္ဓဘာသာကို ကိုးကွယ်သူ ဖြစ်လေ၏။

၁၉၃၇ ခုနှစ်၊ ရန်ကုန်ဂျပ်ဆင်ကောလိပ်မှ ဘီအေဘွဲ့ရကာ ဗမာ့ရေနံသန့်လျှင်ရေနံချက်စက်ရုံတွင် စက်ရုံတာဝန်ခံ ဝန်ထမ်းအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့ဖူးလေ၏။

၁၉၄၀ ပြည့်နှစ်တွင် စစ်တက္ကသိုလ် ပြောင်းရွှေ့ပြီး ဗိုလ်သင်တန်းသို့ တက်ရောက်ခဲ့ပြီးလျှင် ၁၉၄၁ ခုနှစ်တွင် ဒုဗိုလ်အဖြစ် ခန့်အပ်ခြင်းကို ခံခဲ့ရလေ၏။

မန်းဝင်းမောင်သည် ဒုဗိုလ်အဖြစ်နှင့် တော်လှန်ရေးကာလတွင် တက်တက်ကြွကြွ ပါဝင်ခဲ့လေ၏။





ကာလကတ္တားနှင့် ကိုလံဘို စစ်ပညာသင် ကောလိပ်ကျောင်းတွင် သင်တန်းတက်ရောက်ခဲ့၏။

ဂျပန်တော်လှန်ရေးအတွင်းက တောင်ငူဒေသတွင် ဦးစီးခေါင်းဆောင်အမျိုးသားလှုပ်ရှားမှုတွင် ပါဝင်ခဲ့၏။

၁၉၄၅ ခုနှစ်က ကရင်လူငယ်များ၏ ဒုတိယဥက္ကဋ္ဌနှင့် တိုင်းရင်းသား ဂျာနယ်အယ်ဒီတာ ၁၉၄၇ ခုနှစ်တွင် ပုသိမ်အနောက်ပိုင်းမှ ဥပဒေပြုလွှတ်တော်အမတ်၊ ၁၉၄၇ ခုနှစ်တွင် သတ္တုတွင်းနှင့်အလုပ်သမားဝန်ကြီး၊ ၁၉၄၉ ခုနှစ်တွင် သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီး ၁၉၅၁ ခုနှစ်တွင် မအူပင်တောင်ပိုင်းမှ ပါလီမန်အမတ်၊ ထိုနှစ်မှာပင် သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီး ၁၉၅၆ ခုနှစ်တွင် ဆိပ်ကမ်းရေကြောင်း လေကြောင်းနှင့် ကမ်းရိုးတန်းသွား သင်္ဘောဌာနဝန်ကြီး၊ ၁၉၅၇ ခုနှစ်တွင် အဂ္ဂမဟာသီရိသုဓမ္မ ဂုဏ်ထူးဆောင်ဘွဲ့များ အပ်နှင်းခြင်းခံခဲ့ရလေ၏။

၁၉၅၉ ခုနှစ်၊ မတ်လ(၂)ရက် တနင်္လာနေ့က ထိုင်းဘုရင်မင်းမြတ်က ချီးမြှင့်သော Chula Chom Kloa တံဆိပ်ကို ရရှိခဲ့ဖူးလေ၏။

၁၉၆၀ ပြည့်နှစ်တွင် တော်လှန်ရေးကြယ်တံဆိပ် ဒုတိယ ဆင့်ရခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



၁၉၅၇ ခုနှစ်၊ မတ်လ (၁၃)ရက် ဗုဒ္ဓဟူးနေ့က ပြည်ထောင်စု မြန်မာနိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်ခြင်းကို ခံခဲ့ရလေ၏။

ထိုသို့ သမ္မတအဖြစ် ရွေးချယ်ခြင်းခံရခြင်းမှာ တိုင်းရင်းသား ကရင်လူမျိုးစုကိုယ်စား ရွေးချယ်တင်မြှောက် ခံရခြင်းဖြစ်လေ၏။

ပြည်ထောင်စုမြန်မာနိုင်ငံ ဒုတိယမြောက် သမ္မတကြီး မန်းဝင်းမောင်သည် တိုးတက်သော လူငယ်တစ်ယောက်ဖြစ်ရာ တိုင်းပြည်နှင့်လွတ်လပ်ရေးအတွက် မည်သည့်နေရာကမဆို မနီမကပ် တက်တက်ကြွကြွ ပါဝင်လှုပ်ရှားခဲ့သူ ဖြစ်လေ၏။

သမ္မတ မန်းဝင်းမောင်သည် လေထီးဆင်း သူရဲကောင်း ဗိုလ်တစ်ယောက်လည်း ဖြစ်ခဲ့ဖူးလေ၏။ အခြေခံဥပဒေ ရေးဆွဲရေး အဖွဲ့ဝင်လည်း ဖြစ်ခဲ့ဖူးပြန်၏။

မန်းဝင်းမောင် သမ္မတ သက်တမ်း(၅)နှစ်အတွင်း လွန်စွာမှ ထူးခြားသော ဆောင်ရွက်မှုတစ်ခုကို လုပ်ခဲ့ဖူးရာ ထိုထူးခြားချက်မှာကား သေဒဏ်ကျခံနေရသည့် လေထီးဆင်းရဲဘော် ဗိုလ်မှူးချစ်ကောင်းအား သေဒဏ်မှ လွှတ်ပေးခဲ့ခြင်းပင် ဖြစ်လေ၏။

၁၉၄၂ ခုနှစ်တွင် ဒေါ်မြမေနှင့် လက်ထပ်ခဲ့ပြီး သား (၄)ယောက်နှင့် သမီး (၂)ယောက် ထွန်းကားခဲ့လေ၏။

၁၉၆၂ ခုနှစ်၊ မတ်လ(၂)ရက် သောကြာနေ့ နံနက်(၁)နာရီ





အချိန်မှစ၍ နိုင်ငံတော်အာဏာကို ဗိုလ်ချုပ်ကြီးနေဝင်း၏ တော်လှန်ရေးအစိုးရက သိမ်းယူလိုက်သည့်အခါ ပြည်ထောင်စု မြန်မာနိုင်ငံဒုတိယသမ္မတကြီး မန်းဝင်းမောင်မှာ ၁၉၆၂ ခုနှစ်မှ ၁၉၆၇ ခုနှစ်အထိ (၅)နှစ်ခန့်ကြာစွာ ဖမ်းဆီးထိန်းသိမ်းခြင်းကို ခံခဲ့ရလေသတည်း။

၁၉၈၈ ခုနှစ်၊ ရှစ်လေးလုံး အရေးအခင်းတွင် ဝန်ကြီးချုပ်ဦးနု၏ ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေး(ဒီ/ငြိမ်း)ပါတီတွင် ဥက္ကဋ္ဌနှင့်ယှဉ်ပြိုင် အစိုးရအဖွဲ့အစည်းတွင် သမ္မတအဖြစ် ပါဝင်ခဲ့ဖူးလေ၏။

သမ္မတဟောင်း မန်းဝင်းမောင်သည် အသက် (၇၃)နှစ်အရွယ် ၁၉၈၉ ခုနှစ်၊ ဇူလိုင်လ (၄)ရက်၊ အင်္ဂါနေ့တွင် ကွယ်လွန်ခဲ့ရလေ၏။

သမ္မတဟောင်း မန်းဝင်းမောင်သည် ၁၉၅၇ ခုနှစ်၊ မတ်လ (၁၃)ရက် တနင်္လာနေ့မှ ၁၉၆၂ ခုနှစ်၊ မတ်လ(၂)ရက် သောကြာနေ့ အထိ ပြည်ထောင်စုမြန်မာနိုင်ငံတော်သမ္မတအဖြစ် တာဝန် ထမ်းဆောင်ခဲ့လေ၏။

သမ္မတဟောင်း မန်းဝင်းမောင်သည် ပဒေသရာဇ်မဆန် ဗျူရိုကရက်စိတ် လုံးဝမရှိ ဒီမိုကရေစီ လိုလားသည့် သမ္မတဖြစ်ကာ ပါလီမန်ခေတ်၏ နောက်ဆုံးသမ္မတလည်း ဖြစ်ခဲ့ဖူးလေတော့ သတည်း။ ။



www.burmeseclassic.com

www.burmeseclassic.com





ဦးနေဝင်း (၁၉၁၁-၂၀၀၂)
ပြည်ထောင်စုမြန်မာနိုင်ငံတော် စတုတ္ထမြောက်သမ္မတ





# ဦးနေဝင်း (၁၉၁၁-၂၀၀၂)
## ပြည်ထောင်စုမြန်မာနိုင်ငံတော် စတုတ္ထမြောက်သမ္မတ

၁၉၁၁ ခုနှစ်၊ မေလ(၂၄)ရက်၊ ဗုဒ္ဓဟူးနေ့တွင် ပြည်ခရိုင် ပေါင်းတလည်မြို့ ဖခင် ဦးဖိုးခ(မြေတိုင်းဌာန၊ အမှုထမ်း) အမိ ဒေါ်မိလေးတို့မှ မွေးဖွားခဲ့ရာ အမည်အရင်းမှာ မောင်ရှုမောင် ဖြစ်လေ၏။

ပေါင်းတလည် မြန်မာစာသင်ကျောင်း ၁၉၂၂ ခုနှစ်တွင် ပြည်မြို့ အမျိုးသား အထက်တန်းကျောင်း ၁၉၂၉ ခုနှစ်တွင် ရန်ကုန် တက္ကသိုလ်တွင် တက်ရောက်ခဲ့၏။

၁၉၃၁ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် - ဥပစာသိပ္ပံ နောက်ဆုံး နှစ်တွင် ကျောင်းထွက်လိုက်လေ၏။

ကျောင်းမှ ထွက်ပြီးနောက် ၁၉၃၄ ခုနှစ်တွင် မီးရထားဌာန တွင် ငါးလကျော် ခြောက်လနီးပါး လုပ်ခဲ့ပြီးလျှင် ၁၉၃၆ ခုနှစ်တွင် စာတိုက်နှင့်ကြေးနန်းဌာန၌ စာရေးအဖြစ် တစ်နှစ်ကျော်ကျော် အမှုထမ်းနေစဉ် တို့ဗမာ အစည်းအရုံးလုပ်ငန်းများကို လုပ်ကိုင်ရင်း ရန်ကုန်တက္ကသိုလ်မှ ဥပစာသိပ္ပံဘွဲ့ကို ရရှိခဲ့ဖူးလေ၏။



www.burmeseclassic.com

www.burmeseclassic.com



စာတိုက်မှုထွက်ကာ တို့ဗမာအစည်းအရုံးဝင် သခင်ရှုမောင် ဟူ၍ ဖြစ်လာကာ အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲများတွင် ပါဝင်ခဲ့ဖူး၏။

၁၉၄၁ ခုနှစ်၊ ဇူလိုင်လ (၈)ရက်နေ့တွင် စစ်ပညာသင်ကြားရန် ဂျပန်ပြည်သို့ သွားရောက်ခဲ့ပြီး ဘီအိုင်အေတွင် မြေအောက်စည်းရုံး လှုပ်ရှားရန်အတွက် မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လာသည့် ရှေ့ပြေးအဖွဲ့တစ်ခုကို ခေါင်းဆောင်ခဲ့လေ၏။

ဘီအိုင်အေ တပ်မကြီး(၂)တွင် တပ်မကြီးမှူးအဖြစ် ထမ်းဆောင်ခဲ့ပြီး ဘီဒီအေတွင် ဗိုလ်မှူးအဆင့်ဖြင့် တပ်ရင်း(၁)၏ တပ်ရင်းမှူး၊ ၁၉၄၂ ခုနှစ် ဩဂုတ်လ(၁)ရက်နေ့တွင် ဗိုလ်မှူးကြီး အဆင့်ဖြင့် ဘီဒီအေနှင့်ဘီအင်န်အေတို့၏ စစ်သေနာပတိ၊ စစ်ဦးစီး ဌာနချုပ်မှူး၊ ထောက်ပံ့ရေးဌာနကြီးမှူးအဖြစ် ထမ်းဆောင်ခဲ့လေ၏။

ဖက်ဆစ်တော်လှန်ရေး ကာလအတွင်း တိုင်း(၂) မြစ်ဝကျွန်းပေါ်အရှေ့ပိုင်း၏ တိုင်းမှူးအဖြစ် ဆောင်ရွက်ခဲ့၏။

၁၉၄၅ ခုနှစ်၊ စက်တင်ဘာလက မဟာမိတ်များ၏ အရှေ့တောင်အာရှ စစ်သေနာပတိ မောင့်ဘက်တန်၏ ဖိတ်ကြားချက်အရ ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ကန္ဒီမြို့သို့ သွားရောက်စဉ်က အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့ဖူး၏။





၁၉၄၅ ခုနှစ်၊ ဒီဇင်ဘာလ(Kandy Conterence) သဘောတူညီချက်အရ ဖွဲ့စည်းသော ဗမာ့တပ်မတော်တွင် ဗိုလ်မှူးအဆင့်ဖြင့် ဗမာ့သေနတ်ကိုင် တပ်ရင်း(၄)၏ ဒုတိယ တပ်ရင်းမှူး၊ ၁၉၄၆ ခုနှစ် နိုဝင်ဘာလ ၁၆ ရက်နေ့တွင် ဒုတိယ ဗိုလ်မှူးကြီး၊ ၁၉၄၇ ခုနှစ် ဩဂုတ်လက တပ်ရင်းမှူးနှင့် ဗိုလ်မှူးကြီး ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် ဗိုလ်မှူးချုပ်အဆင့်ဖြင့် မြောက်ပိုင်း စစ်ဌာနချုပ် တိုင်းမှူးတာဝန်ထမ်းဆောင်ခဲ့လေ၏။

ပထမအိမ်ထောင် ဒေါ်တင်တင်နှင့် လက်ထပ်ပြီး သား(ဦး)ငွေစိုး (လေယာဉ်မှူးဟောင်း) ထွန်းကားခဲ့လေ၏။ ထို့နောက် ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ပထမတန်း ဆရာဝန် ဒေါက်တာ ဘသန်း(ငြိမ်း)၏သမီး ဒေါ်ခင်မေသန်းနှင့် လက်ထပ်ခဲ့ပြန်၏။

၁၉၇၃ ခုနှစ်၊ ဧပြီလ (၄)ရက်နေ့တွင် ဒေါ် နီနီမြင့်နှင့် လည်းကောင်း၊ ၁၉၇၆ ခုနှစ်၊ ဒီဇင်ဘာလ (၂၄)ရက်နေ့တွင် ရတနာနတ်မယ်(June Rose Bellamy)နှင့် လက်ထပ်ခဲ့လေ၏။

ဒေါ်ခင်မေသန်းနှင့် သားသမီး (၃)ဦး ထွန်းကားခဲ့လေ၏။ ထိုသားသမီးများမှာ ဒေါ်စန္ဒာဝင်း၊ ဒေါ်ကြေးမုံဝင်း၊ ဦးဖြိုးဝေဝင်းတို့ ဖြစ်ကြလေ၏။

၁၉၆၂ ခုနှစ်၊ မတ်လ(၂)ရက် သောကြာနေ့တွင် တပ်မတော်



www.burmeseclassic.com

www.burmeseclassic.com



ကို ဦးဆောင်ကာ နိုင်ငံတော်အာဏာကို သိမ်းယူလိုက်ပြီး မြန်မာ့ဆိုရှယ်လစ်(မဆလ)ပါတီကို တစ်ပါတီ အာဏာစနစ်ဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို (၂၆)နှစ်လုံးလုံး အုပ်ချုပ်ခဲ့ဖူးလေ၏။

၁၉၆၂ ခုနှစ်၊ မတ်လ (၂)ရက်နေ့မှ တော်လှန်ရေးကောင်စီဥက္ကဋ္ဌ၊ ၁၉၇၄ မတ်လ (၂)ရက်နေ့တွင် နိုင်ငံတော်ကောင်စီဥက္ကဋ္ဌမှ နိုင်ငံတော်သမ္မတ ပါတီကော်မတီနှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီတို့၏ ဥက္ကဋ္ဌတာဝန်တို့ကို ထမ်းဆောင်ရင်း ၁၉၈၈ ဇူလိုင်လ (၂၅)ရက်နေ့တွင် အနားယူခဲ့လေ၏။

၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာလ(၅)ရက်နေ့တွင် မေခလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့တွင် နေထိုင်ရင်းအသက် (၉၂)နှစ်တွင် ကွယ်လွန်ခဲ့လေ၏။

စစ်ခေလေ့အကဲဆုံး သမ္မတတစ်ဦးဖြင့် ရာဇဝင်တွင် မှတ်တမ်းတင်ခြင်းခံရသူဖြစ်၏။

၁၉၇၄ ခုနှစ်၊ မတ်လ(၂)ရက်နေ့မှ ၁၉၈၁ ခုနှစ်၊ နိုဝင်ဘာလ (၉)ရက်နေ့အထိ သမ္မတတာဝန်ကို ယူခဲ့လေ၏။ ▪

❖ ❖ ❖







ဦးစန်းယု (၁၉၁၈-၁၉၉၆)
ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ပဥ္စမမြောက်သမ္မတ



www.burmeseclassic.com

www.burmeseclassic.com



# ဦးစန်းယု (၁၉၁၈-၁၉၉၆)
## ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ပဉ္စမမြောက်သမ္မတ

၁၉၁၈ ခုနှစ်၊ မတ်လ(၃)ရက်၊ တနင်္ဂနွေနေ့တွင် မွေးဖွားခဲ့လေ၏။

မိဘနှစ်ပါးမှာ ဖခင် ဦးစံဖေ၊ မိခင် ဒေါ်ရွှေလဲ့ တို့ဖြစ်ကြပြီး ပြည်ခရိုင်၊ သဲကုန်းမြို့ဇာတိဖြစ်လေ၏။

ဗမာလူမျိုး ဗုဒ္ဓဘာသာကို ကိုးကွယ်သူဖြစ်လေ၏။

(၁၀)တန်းကို ရွှေတောင်မြို့မှ အောင်မြင်ခဲ့ပြီး ၁၉၄၂ ခုနှစ်က ရန်ကုန်မြို့ ဆေးကျောင်းတွင် ဒုတိယနှစ်အထိ တက်ရောက်ခဲ့လေ၏။

ကျောင်းသား လှုပ်ရှားမှုများနှင့် ကျောင်းသားသပိတ်တို့တွင် ပါဝင်ပတ်သက်ခဲ့လေ၏။

၁၉၄၂ ခုနှစ်တွင် ဗမာ့လွတ်လပ်ရေး တပ်မတော်သို့ ပြည်မြို့မှ ဝင်ရောက်ခဲ့လေ၏။

ထို့နောက် အရာရှိအဖြစ် ခန့်အပ်ခြင်းခံခဲ့ရ၏။ တော်လှန်ရေးမတိုင်မီက ဗမာ့ကာကွယ်ရေးတပ်မတော်တပ်ရင်း(၂)တွင် တပ်ရင်းမှူး၊ ဖက်ဆစ်တော်လှန်ရေးတွင် ချေမှုန်းတိုက်ခိုက်ရေးနှင့် နယ်ခံ





လုံခြုံရေးတာဝန်၊ ပဲခူးရိုးမဘက်၊ တိုင်းစစ်ဌာနချုပ်စစ်ဆေးရေးတွင် ရှေးဦးတပ်ရင်းကို ဦးဆောင်ပါဝင် တိုက်ခိုက်ခဲ့ဖူးလေ၏။

၁၉၄၆ ခုနှစ်တွင် တပ်ရင်း(၃)တွင် တပ်ခွဲအရာရှိ I.O.C နှင့် UEOS သင်တန်းတက်ပြီးနောက် ဖျာပုံခရိုင်တွင် နယ်မြေမငြိမ်မသက်ဖြစ်၍ နှိမ်နင်းရေးတာဝန်အဖြစ် ရခိုင်ပြည်နယ် စစ်ဆင်ရေးတွင် ပါဝင်ခဲ့လေ၏။

ဖျာပုံ၊ ကျိုက်လတ်၊ ဘိုကလေး၊ မအူပင်၊ ညောင်တုန်းဒေသ တိုက်ပွဲ၊ ဝက်ကော်တိုက်ပွဲ၊ အင်းစိန်တိုက်ပွဲ၊ ပဲခူး၊ နိုက်ဦး၊ တောင်ကြီး စစ်မျက်နှာများအထိ ပါဝင်တိုက်ခိုက်ခဲ့ဖူးလေ၏။

၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ (၂၃)ရက်နေ့တွင် ဗိုလ်ကြီး၊ ၁၉၄၉ ခုနှစ်၊ ဖေဖော်ဝါရီ (၂၄)ရက်နေ့တွင် ဗိုလ်မှူး၊ သနက(၃)တွင် ဒုတပ်ရင်းမှူး၊ ၁၉၄၉ ခုနှစ်၊ နိုဝင်ဘာလ(၂၅)ရက်နေ့တွင် ဒုဗိုလ်မှူးကြီး၊ အမှတ်(၁) အီးကရင်နီ တပ်ရင်း၊ ၁၉၅၀ ပြည့်နှစ်၊ ဒီဇင်ဘာလ(၂၂)ရက်နေ့တွင် အမှတ်(၂) အီးကရင်း တပ်ရင်း၊ ကယား(၁)တွင် တပ်ရင်းမှူး၊ ၁၉၅၁ ခုနှစ် မေလ(၂၉)ရက်နေ့တွင် မဟာဌ လက်ထောက်စစ်ရေး စစ်ထောက်ချုပ်၊ ၁၉၅၂ ခု စက်တင်ဘာလ (၁၇)ရက်နေ့တွင် စစ်ရာထူးခန့်ချုပ်ရုံး၊ စစ်ရာထူးခန့်အတွင်းဝင်၊ ၁၉၅၆ ခုနှစ်၊ မတ်လ(၉)ရက်နေ့တွင် ဗိုလ်မှူးကြီး

www.burmeseclassic.com



၁၉၅၉ ခုနှစ်၊ ဖေဖော်ဝါရီလ(၂၅)ရက်နေ့တွင် မပခတိုင်းမှူး၊ ၁၉၅၉ ခုနှစ်၊ ဧပြီလ (၉)ရက်နေ့တွင် ဗိုလ်မှူးချုပ် ဖြစ်ခဲ့ဖူးလေ၏။

၁၉၆၁ ခုနှစ်၊ ဩဂုတ်လ (၁၆) ရက်နေ့တွင် တပ်မဟာ (၁)တပ်မဟာမှူး၊ ၁၉၆၁ ခုနှစ်၊ အောက်တိုဘာလ (၁၆)ရက်နေ့တွင် ရပခတိုင်းမှူး၊ ၁၉၆၁ ခုနှစ်၊ နိုဝင်ဘာလ (၂၉)ရက်နေ့တွင် နမခတိုင်းမှူး၊ ၁၉၆၃ ခုနှစ်၊ ဖေဖော်ဝါရီလ(၁၅)ရက်နေ့တွင် ဒုတိယကာကွယ်ရေးဦးစီးချုပ်(ကြည်း)၊ ၁၉၇၂ ခုနှစ်၊ ဧပြီလ(၂၀)ရက်နေ့တွင် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဝန်ကြီး၊ ဒုတိယဝန်ကြီးချုပ်၊ ၁၉၇၄ ခုနှစ်တွင် ဗိုလ်ချုပ်ကြီး၊ ကာကွယ်ရေးဦးစီးချုပ်တာဝန်များကို ထမ်းဆောင်ခဲ့ဖူးလေ၏။

၁၉၇၄ ခုနှစ်၊ ဧပြီလ (၂၆)ရက်နေ့တွင် နိုင်ငံတော်ကောင်စီအတွင်းရေးမှူး၊ ၁၉၇၇ ခုနှစ်၊ မတ်လ (၃)ရက်နေ့တွင် တပ်မတော်မှ အငြိမ်းစားယူခဲ့ပြီးလျှင် ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဝင် ဖြစ်ခဲ့လေ၏။

အမျိုးသား စီမံကိန်းဌာနဝန်ကြီး မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ (မဆလ)ဗဟိုကော်မတီ၊ ဗဟိုအလုပ်အမှုဆောင် ကော်မတီတို့၏ အထွေထွေအတွင်းရေးမှူး။

၁၉၇၂ ခုနှစ်တွင် တပ်မတော် ပါတီကော်မတီဥက္ကဋ္ဌနှင့် ၁၉၈၁





ခုနှစ်တွင် ပါတီလုပ်ငန်းစိစစ်ရေးကော်မတီဥက္ကဋ္ဌ ဖြစ်ခဲ့ဖူး၏။

၁၉၈၁ ခုနှစ်တွင် နိုင်ငံတော်ကောင်စီဥက္ကဋ္ဌနှင့် နိုင်ငံတော်သမ္မတတာဝန်များကို ထမ်းဆောင်ခဲ့ပြီးနောက် ၁၉၈၈ ခုနှစ်၊ ဇူလိုင်လ (၂၅)ရက်နေ့တွင် အနားယူလိုက်လေတော့၏။

ပြည်ထောင်စုမြန်မာနိုင်ငံသမ္မတဟောင်း ဦးစန်းယုသည် ၁၉၉၆ ခုနှစ်၊ ဇန်နဝါရီလ (၂၈)ရက်နေ့တွင် ကွယ်လွန်ခဲ့ရှာလေ၏။

၄င်းကွယ်လွန်ချိန်တွင် ဇနီး ဒေါ်သန်းရှိန်နှင့် သမီး(၄)ဦး၊ မြေး(၆)ဦး ကျန်ရစ်ခဲ့လေ၏။

ဦးစန်းယုသည် ၁၉၈၁ ခုနှစ်၊ အောက်တိုဘာလ(၉)ရက်မှ ၁၉၈၈ ခုနှစ်၊ ဇူလိုင်လ (၂၅)ရက်နေ့အထိ သမ္မတတာဝန်ကို ထမ်းဆောင်ခဲ့ဖူးသူဖြစ် လေတော့သည်။ ။



www.burmeseclassic.com

www.burmeseclassic.com





ဦးစိန်လွင် (၁၉၂၄-၂၀၀၄)
ပြည်ထောင်စုမြန်မာနိုင်ငံတော် ဆဋ္ဌမမြောက်သမ္မတ





# ဦးစိန်လွင် (၁၉၂၄-၂၀၀၄)
# ပြည်ထောင်စုမြန်မာနိုင်ငံတော် ဆဋ္ဌမမြောက်သမ္မတ

၁၉၂၄ ခုနှစ်၊ ဇန်နဝါရီလ (၂၇)ရက်နေ့ တနင်္ဂနွေနေ့တွင် မွန်ပြည်နယ် ပေါင်မြို့၌ မွေးဖွားခဲ့လေ၏။

မိဘနှစ်ပါးမှာ ဖခင် ဦးရွှေရင်၊ မိခင်ဒေါ်မမကြီးတို့မှ ဖြစ်ကြ၏။

အလယ်တန်းပြ ကျောင်းဆရာအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၄၂ ခုနှစ်တွင် ဗမာ့လွတ်လပ်ရေးတပ်မတော်တွင် ဝင်ရောက် အမှုထမ်းခဲ့လေ၏။

၁၉၄၃ ခုနှစ်တွင် ဗမာ့ကာကွယ်ရေးတပ်မတော် တပ်ရင်း(၁) တွင် အရာရှိအဖြစ် ထမ်းဆောင်ပြီး ၁၉၄၅ ခုနှစ်တွင် တိုင်း(၂) မြစ်ဝကျွန်းပေါ်ဒေသ၌ ဖက်ဆစ်ဂျပန်တော်လှန်ရာတွင် တပ်ရင်း (၈၃)တွင် တပ်ခွဲမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးလေ၏။

၁၉၄၆ ခုနှစ်တွင် သနက(၄)၌ တပ်သား။ ၁၉၄၇ ခုနှစ်တွင် ပြန်တမ်းဝင်အရာရှိဖြစ်ပြီး တနင်္သာရီတိုင်းမင်းကြီး၏ အပါးတော်မြဲ တာဝန်ထမ်းဆောင်ရန် ပြည်ထဲရေးဌာနသို့ တွဲဖက်ထားခဲ့၏။

၁၉၄၉ ခုနှစ်တွင် ပြည်ထဲရေးသို့တွဲဖက်ရာမှ ထားဝယ်စစ်



www.burmeseclassic.com

www.burmeseclassic.com



ဝန်ထမ်း တပ်ရင်းမှူး၊ ၁၉၅၀ ပြည့်နှစ်တွင် ခလရ (၃)တွင် တပ်ခွဲမှူး၊ ၁၉၅၁-၅၁ ခုနှစ်တွင် လကရ(၁) တပ်ခွဲမှူး၊ ၁၉၅၃-၁၉၅၄ ခုနှစ်တွင် ချင်းသနကတွင် ဒုတပ်ရင်းမှူးနှင့် လကာရ(၁) ဒုထပ်ရင်းမှူး၊ ၁၉၅၇ ခုနှစ်တွင် သနက(၄) တပ်ရင်းမှူး၊ ၁၉၆၂ ခုနှစ်၊ မတ်လ (၂)ရက်နေ့တွင် တပ်မတော်က နိုင်ငံတော်ကို ထိန်းသိမ်းရာတွင် ကွပ်ကဲခေါင်းဆောင် ဖြစ်ခဲ့ဖူးလေ၏။

၁၉၆၅ ခုနှစ်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒီမိုကရေစီဒေသန္တရ အုပ်ချုပ်ရေးနှင့် ဒေသန္တရအဖွဲ့အစည်းများ ဝန်ကြီးဌာန၊ လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ဝန်ကြီးဌာန၊ တရားရေးဌာန တို့တွင် အတွင်းဝန်ဖြစ်ခဲ့ဖူး၏။

၁၉၆၅-၁၉၆၉ ခုနှစ်အထိနုတာခ ဒု-တိုင်းမှူး၊ ၁၉၇၀ ပြည့်နှစ် အထိ အရှေ့ပိုင်းတိုင်း ဗျူဟာမှူး၊ ၁၉၇၀-၇၂ ခုနှစ်အထိ ဘိုင်းကြီးကြပ်ရေးဥက္ကဋ္ဌ၊ ၁၉၇၂-၇၄ ခုနှစ်တွင် နမခတိုင်းမှူး၊ ပါတီလုပ်ငန်းစိစစ်ရေးကော်မတီဝင်နှင့် အရေးပေါ် ပါတီညီလာခံတွင် ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် သမဝါယမဝန်ကြီးဌာန ဝန်ကြီး၊ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး၊ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီး ၁၉၈၁ ခုနှစ်တွင် နိုင်ငံတော်ကောင်စီဝင် ပါတီတွဲဖက်အထွေထွေအတွင်းရေးမှူး၊ ၁၉၈၈ ခုနှစ်၊ ဇူလိုင်လ





(၂၆)ရက်နေ့တွင် မြန်မာ့ဆိုရှယ်လစ် (မဆလ) လမ်းစဉ်ပါတီဥက္ကဋ္ဌ နှင့် ၁၉၈၈ ဇူလိုင်လ (၂၇)ရက်နေ့တွင် နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌနှင့် နိုင်ငံတော်သမ္မတ စသည်ဖြင့် အဆင့်ဆင့် တာဝန် ထမ်းခဲ့ရာ ၁၉၈၈ ခုနှစ်၊ ဩဂုတ်လ (၁၂)ရက်နေ့တွင် တာဝန်မှ အနားယူခဲ့လေ၏။

၂၀၀၄ ခုနှစ်၊ ဧပြီလ (၉)ရက်နေ့တွင် ကွယ်လွန်ခဲ့ပြီးဇနီး ဒေါ်ရွှေတင် (ခ) ဒေါ်တင်တင်လှိုင်နှင့် သားသမီး (၅)ဦး ကျန်ရစ်ခဲ့ လေ၏။

ဦးစိန်လွင်သည် မြန်မာပြည်၏ ရှစ်လေးလုံး သို့မဟုတ် ဒီမိုကရေစီ အရေးတော်ပုံကြီး၏ ဒီရေအမြင့်ဆုံးကာလတွင် ပွဲထွက် ခဲ့ရသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော် သမ္မတဖြစ်ခဲ့ရလေ၏။

၎င်းသည် ၁၉၈၈ ခုနှစ်မှ ဇူလိုင်လ (၂၅)ရက်နေ့မှ ၁၉၈၈ ခုနှစ်၊ ဩဂုတ်လ (၁၂)ရက်နေ့အထိ သမ္မတသက်တမ်း (၁၇)ရက် သာကြာခဲ့လေ၏။

ဦးစိန်လွင်သည် ရဟန်းဘဝမှ တော်လှန်ရေးထဲသို့ လိုက်ပါ လာသူဖြစ်ပြီးလျှင် ထိုစဉ်အခါက စစ်တောင်းသိမ်ဇရပ်တွင် တာဝန် ကျနေသော ဗိုလ်မှူးတင်ဖေ၏ တပ်နှင့်တော်လှန်ရေးတွင် လိုက်ပါ ပါဝင်လာခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



၎င်းသည် အထက်ဗိုလ်များ၏အမိန့်ကို နာခံခြင်း၊ ပေးအပ်သည့်တာဝန်ကို တစ်သွေမတိမ်း ဆောင်ရွက်တတ်ခြင်း၊ သစ္စာရှိခြင်း၊ ကျိုးနွံခြင်းတို့ကြောင့် ဂျပန်ခေတ် တတိယပတ် ဗိုလ်သင်တန်းသို့ တက်ရောက်ခွင့်ရရှိခဲ့လေ၏။

ဦးစိန်လွင်သည် အမှုထမ်းကာလတွင် ဗိုလ်ကြီးဘဝနှင့် ကရင်ပြည်နယ်မှ စောဘဦးကို အသေဖမ်းဆီးမိသကဲ့သို့ ၁၉၆၂ ခုနှစ်၊ ဇူလိုင်လ(၇)ရက် (ဆဲဗင်း ဇူလိုင်) အရေးအခင်းတွင်လည်း အဓိကရုဏ်းကို ဖြိုခွင်းခဲ့သူ ဖြစ်ခဲ့ဖူးလေ၏။


ထို့နောက် ပြည်ထဲရေးဝန်ကြီးဘဝတွင်လည်း သာသနာသန့်ရှင်းတည်တံ့ပြန့်ပွားရေးကို အစိုက်ခံကာ ဆောင်ရွက်မှုတွေကြောင့် ၁၉၈၈ ခုနှစ်၊ ရှစ်ဆယ့်ရှစ် အရေးအခင်းကာလ ပြည်သူ့လွှတ်တော် အရေးပေါ်အစည်းအဝေး ကျင်းပရာတွင် ဦးစိန်လွင်အား နိုင်ငံတော်ကောင်စီဥက္ကဋ္ဌနှင့် နိုင်ငံတော်သမ္မတအဖြစ် ရွေးမြှောက်ခြင်းကိုခံရလေ၏။

ထို့ကြောင့် ၎င်းသည် ရှစ်ဆယ့်ရှစ် အရေးအခင်းကာလမှာ လွန်စွာမှ တာဝန်အရှိဆုံးပုဂ္ဂိုလ်အဖြစ် လူထုအမုန်းကို ဖဆလ ကိုယ်စား အမုန်းခံခဲ့ရသူ ဖြစ်ခဲ့ဖူးလေ၏။

၎င်းသည် အသက် (၈၁)နှစ်အရွယ် ၂၀၀၄ ခုနှစ် ဧပြီလ (၉)ရက်နေ့တွင် ကွယ်လွန်ခဲ့ရလေတော့သည်။ ။







ဒေါက်တာမောင်မောင် (၁၉၂၅-၁၉၉၄)
ပြည်ထောင်စုမြန်မာနိုင်ငံတော် သတ္တမမြောက်သမ္မတ



www.burmeseclassic.com

www.burmeseclassic.com



# ဒေါက်တာမောင်မောင် (၁၉၂၅-၁၉၉၄)
# ပြည်ထောင်စုမြန်မာနိုင်ငံတော် သတ္တမမြောက်သမ္မတ

၁၉၂၅ ခုနှစ်၊ ဇန်နဝါရီလ(၁၁)ရက် စနေနေ့တွင် မန္တလေးမြို့၌ မွေးဖွားခဲ့သူဖြစ်၏။

မိဘနှစ်ပါးမှာ ဖခင်ရှေ့နေကြီး ဦးဆင့်၊ မိခင် ဒေါ်အေးတင်တို့မှ မွေးဖွားခဲ့လေ၏။

၄င်းသည် ဘီတီအန်ကျောင်းမှ ဆယ်တန်းအောင်ခဲ့ပြီးလျှင်

၈ မန္တလေး ဥပစာကောလိပ်မှ ဥပစာသိပ္ပံစာမေးပွဲကို မြန်မာ၊ အင်္ဂလိပ်၊ သချာ်၊ ရူပဗေဒ ဘာသာရပ်များဖြင့် အောင်မြင်ခဲ့ဖူးလေ၏။

စစ်အတွင်းကာလအတွင်း ဂျပန် တပ်မတော်သို့ ဝင်ရောက်ခဲ့ရာ မင်္ဂလာဒုံ စစ်တက္ကသိုလ် စတုတ္ထပတ် မိုလ်သင်တန်းသို့ တက်ရောက်ခဲ့လေ၏။

ဟသ်ာတခရိုင်နှင့် ဗမာ့မျိုးချစ်တပ်မတော် တိုင်း(၁)တို့တွင် တော်လှန်ရေး တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၄၆ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှဝိဇ္ဇာဘွဲ့ကို ရရှိခဲ့လေ၏။

၁၉၄၉ ခုနှစ်တွင် ဘီအယ်ဘွဲ့ကိုရပြီး ရန်ကုန်တက္ကသိုလ်





အင်္ဂလိပ်စာဌာနတွင် သရုပ်ပြဆရာ၊ ဗမာ့ခေတ်သတင်းစာတွင်လည်း အယ်ဒီတာ၊ ဗမာ့ဓိုးရထား လက်ထောက်အတွင်းဝန် တာဝန်များကို ထမ်းဆောင်ခဲ့ဖူးလေ၏။

၁၉၅၀ ပြည့်နှစ်တွင် UK သို့ ပညာတော်သင် စေလွှတ်ခြင်းကိုခံရပြီးလျှင် The Hague မြို့ လင်ကွန်းတည်ခိုခန်းတွင် ဖွင့်လှစ်ထားသော ရှေ့နေအသင်းသို့ ဝင်ရောက်ခဲ့လေ၏။

နိုင်ငံတကာ ဥပဒေသင်တန်းကျောင်းသို့ တက်ရောက်ကာ ၁၉၅၆ ခုနှစ်၊ ဇွန်လတွင် ဟော်လန်နိုင်ငံ Utrecht တက္ကသိုလ်မှ L.L.D နိုင်ငံတကာဘွဲ့ကို ရရှိခဲ့လေ၏။

၁၉၅၃-၁၉၅၅ ခုနှစ်တွင် အစိုးရရှေ့နေအဖြစ် တာဝန်ထမ်းဆောင်ရင်း ဥပဒေပညာများကို ဆည်းပူးလေ့လာပြီး ၁၉၅၅ ခုနှစ်တွင် ဥပဒေသတင်းထောက် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၅၈ ခုနှစ်တွင် လက်ထောက်ရှေ့နေချုပ်အဖြစ် ခန့်အပ်ခြင်းခံခဲ့ရလေ၏။ ၁၉၆၀ ပြည့်နှစ်တွင် နိုင်ငံရေးသိပ္ပံနှင့် အရှေ့တောင် အာရှနိုင်ငံများ လေ့လာရေး ပညာရပ်များကို ယေးလ်တက္ကသိုလ်သို့ တက်ရောက်လေ့လာဆည်းပူးခဲ့ဖူးလေ၏။

ရန်ကုန်ရှေ့နေကောင်စီအဖွဲ့ဝင် ၁၉၅၇ ခုနှစ်တွင် London Daily. The forgotten Army. Burma in the fam-



www.burmeseclassic.com

www.burmeseclassic.com



ily of Nations. Burma's Constitution စသည့် စာအုပ်များ ရေးသားခဲ့လေ၏။

၁၉၆၀ ပြည့်နှစ် ဒီဇင်ဘာလတွင် မော်ကွန်းဝင် ဒုတိယ အဆင့်ကို ချီးမြှင့်ခြင်းခံခဲ့ရပြီးလျှင် ၁၉၆၂ ခုနှစ်တွင် မြန်မာ့ ဆိုရှယ်လစ်(မဆလ)လမ်းစဉ် အမြုတေပါတီတွင် ပညာရေးရာ ကော်မတီဝင် ပထမအကြိမ်ပါတီညီလာခံတွင် ပါတီစည်းကမ်း ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ၊ ဒုတိယအကြိမ်တွင် ဗဟိုအလုပ် အမှုဆောင် ကော်မတီဝင်အဖြစ် ရွေးချယ်ခြင်း ခံခဲ့ရဖူးလေ၏။

တော်လှန်ရေးကောင်စီခေတ်တွင် တရားရုံးချုပ် တရားသူကြီး ချုပ်၊ တော်လှန်ရေးကောင်စီဝင် တော်လှန်ရေးအစိုးရအဖွဲ့ဝင် တရား ရေးရာဌာနဝန်ကြီးအဖြစ် ထမ်းဆောင်ခဲ့ဖူးလေ၏။

၁၉၇၄ ခုနှစ်မှစ၍ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၊ နိုင်ငံတော်ကောင်စီဝင်၊ ၁၉၈၈ ခုနှစ်၊ ဩဂုတ်လ (၁၉)ရက်နေ့တွင် (မဆလ)မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီဥက္ကဋ္ဌ၊ နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်သမ္မတအဖြစ် တာဝန်များကို ထမ်းဆောင်ပြီး ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ (၁၈)ရက်နေ့တွင် ရပ်နားခဲ့ရဖူး လေ၏။

သမ္မတကြီးဟောင်း ဒေါက်တာမောင်မောင်သည် လွှတ်လင်





ရေးကြိုးပမ်းမှုတွင် ပါဝင်ခဲ့ခြင်းကြောင့် နိုင်ငံတော်ကချီးမြှင့်သည့် လွတ်လပ်ရေး မော်ကွန်းဝင်(ဒုတိယအဆင့်)ကို ၁၃၇၅ ခုနှစ်တွင် လည်းကောင်း နိုင်ငံတော်ကပေးအပ်သည့် တာဝန်များကို ကြိုးပမ်း ဆောင်ရွက်ခြင်းကြောင့် နိုင်ငံတော်ကချီးမြှင့်သည့် နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမအဆင့်)ကို ၁၉၈၄ ခုနှစ်တွင် ၎င်းရရှိခဲ့ဖူးလေ၏။

ဇနီး ဒေါ်ခင်မေနင်း (ခ) ဒေါ်ခင်မြင့်နှင့် သားသမီး (၅) ဦးထွန်းကားခဲ့၏။

အမှတ် (၁၆)၊ မေခလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့တွင် နေထိုင်ရင်း ၁၉၉၄ ခုနှစ် ဇူလိုင်လ (၂)ရက်၊ အသက်(၇၀)ပြည့်တွင် ကွယ်လွန်ခဲ့လေ၏။


ဒေါက်တာမောင်မောင်သည် ၁၉၈၈ ခုနှစ်၊ ဩဂုတ်လ (၁၉)ရက်မှ ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ(၁၈)ရက်နေ့အထိ သမ္မတသက်တမ်း (၁)လသာ ကြာမြင့်ခဲ့လေ၏။ ဒေါက်တာ မောင်မောင်သည် ဗိုလ်ချုပ်ကြီး နေဝင်း၏အပါးတွင် သက်တော်ရှည် အမတ်ကြီး တစ်ပါးအလား ဆောင်ရွက်ခဲ့သူဖြစ်ကာ မဆလ တစ်ပါတီစစ်အစိုးရနှင့် အရိုပ်ပမာမခွဲမခွာ နီးနီးကပ်ကပ်ရှိသူဖြစ်၍ လူထုက ယုံကြည်မှုအားနည်းခဲ့ရလေတော့သတည်း။ ။



www.burmeseclassic.com

www.burmeseclassic.com





ဦးသိန်းစိန် (၁၉၄၅ - )
ပြည်ထောင်စုမြန်မာနိုင်ငံ အဋ္ဌမမြောက်သမ္မတ





# ဦးသိန်းစိန် (၁၉၄၅ - )
# ပြည်ထောင်စုမြန်မာနိုင်ငံ အဋ္ဌမမြောက်သမ္မတ

၁၉၄၅ ခုနှစ်၊ ဧပြီလ (၂၀)ရက် သောကြာနေ့တွင် မွေးဖွားခဲ့ပြီး ပုသိမ်ခရိုင် ငပုတောမြို့နယ်၊ ကျုံကူးရွာသား တစ်ယောက်ဖြစ်သည်။

ဆင်းရဲနွမ်းပါးသော မိဘနှစ်ပါးဖြစ်သည့် ဖခင်ဦးမောင်ဖြိုး မိခင် ဒေါ်ခင်ညွန့်တို့မှ မွေးဖွားသည်။ မွေးချင်း(၃)ယောက်တွင် အငယ်ဆုံးသား ဖြစ်သည်။ အစ်မကြီးဖြစ်သူမှာ ဒေါ်ရင်လှိုင် ဖြစ်ပြီး အစ်ကိုကြီး ဖြစ်သူမှာ ဦးမြင့်ထွန်း ဖြစ်လေ၏။

သမ္မတကြီး ဦးသိန်းစိန်သည် ငယ်စဉ်အခါက လွန်စွာမှ ဆင်းရဲသော်လည်း ပညာရေးကို အားပေးခဲ့သည့် မိဘဆွေမျိုး မောင်နှမများကြောင့် ပညာကိုအထူးကြိုးစားလေ့လာသင်ယူခဲ့ပြီး ထိပ်တန်းခေါင်းဆောင်ရာထူး အဆင့်ဆင့်ရသည်အထိ တာဝန်ထမ်းဆောင်ခဲ့ပြီး မြန်မာနိုင်ငံကို စစ်အစိုးရအုပ်ချုပ်သော နိုင်ငံတစ်နိုင်ငံအဖြစ်မှ ဒီမိုကရေစီနိုင်ငံအဖြစ် လျင်မြန်ညင်သာစွာဖြင့် ပြောင်းလဲမှုကို ခေါင်းဆောင်နိုင်ခဲ့သူ တစ်ဦးဖြစ်သည်မှာ မည်သူကမှ မငြင်းဆန်နိုင်ချေ။



www.burmeseclassic.com

www.burmeseclassic.com






ဗိုလ်ကြီးသိန်းစိန်(၁၉၈၁)

သမ္မတကြီး ဦးသိန်းစိန်သည် မူလတန်းမှစ၍ ကျုံကူးမှ ဆရာဦးမောင်ဥ ထံတွင် ပညာစတင်သင်ကြားခဲ့၏။ ထို့နောက် ဆရာတော်ဦးကောသရ ဘုန်းတော်ကြီးက အလွတ်ခေါ်သင်ကြားမှုဖြင့် တိုးတက်တဲ့အမြင်ရှိကာ အင်္ဂလိပ်စာ၊ သင်္ချာ သူငယ်တန်းမှ လေးတန်းအထိ သင်ကြားခဲ့ရလေသည်။

ထိုစဉ်အခါက ကျုံကူးကျေးရွာတွင် မူလတန်းကျောင်း ခွင့်ပြုချက်ရရှိထားသော်လည်း ကျောင်းမဆောက်နိုင်သေးသဖြင့် ဘုန်းတော်ကြီးကျောင်းတွင် မူလတန်းကျောင်းဖွင့်ကာ သင်ကြားခဲ့ရလေ၏။







ဗိုလ်မှူးသိန်းစိန်(၁၉၈၇)



ဒုတိယဗိုလ်မှူးကြီးသိန်းစိန်(၁၉၉၃)

သမ္မတကြီး ဦးသိန်းစိန်သည် စတုတ္ထတန်းအောင်ပြီး ကျောင်းဆက်တက်ရန် ၎င်းတို့ကျေးရွာတွင် အလယ်တန်း၊ အထက်တန်းကျောင်းမရှိသဖြင့် မိဘများကလည်း ပုသိမ်သို့ပို့၍ ကျောင်းမထားနိုင်သဖြင့် ထိုနှစ်က ကျောင်းဆက် မတက်နိုင်ချေ။ တစ်နှစ်စောင့်ပြီးကာမှ ငွေကြေးစုဆောင်း၍ အစ်ကိုကြီးဖြစ်သူ ဦးထွန်းမြင့်နှင့်အတူ ပုသိမ်တွင် ကျောင်းတက်ရလေတော့၏။

သမ္မတကြီး ဦးသိန်းစိန်သည် ပုသိမ်မြို့တွင် ပဉ္စမတန်းပညာသင်ကြားရပြီးနောက် သမ္မတကြီးတို့ ညီအစ်ကိုနှစ်ယောက်စလုံးကို

www.burmeseclassic.com





ဗိုလ်မှူးချုပ်သိန်းစိန်(၁၉၉၆)

မိဘများက ဆက်လက်၍ ကျောင်းမထားနိုင်တော့သဖြင့် ရွာသို့ ပြန်ခေါ်ပြီး ၎င်းတို့၏ ပြင်ခရိုင် ချောင်းဝကျောင်းတွင် ပညာဆက်သင် ရပြန်လေ၏။

သမ္မတကြီး ဦးသိန်းစိန်သည် ချောင်းဝ အလယ်တန်းကျောင်းတွင် ဆဋ္ဌမတန်း၊ သတ္တမတန်းအထိ ပညာသင်ကြားပြီးနောက် ပုသိမ်အထက(၁)တွင် ပညာဆက်လက် သင်ကြားခဲ့ရပြန်လေ၏။ မက်ထရစ်ကူလေးရှင်းဆိုသည့် ဒသမတန်း တက်ရလေ၏။ ထို့နောက် နှစ်ဝက်လောက်အကြာတွင် DSA ဝင်ဖြေရာ ပါသွား





သောကြောင့် ဆယ်တန်းအောင်သလို ဖြစ်သွား၏။ ထို့ကြောင့် DSA လေးနှစ်တက်ပြီး B.A(DSA) ဘွဲ့ ရခဲ့လေ၏။

လက်ရှိ သမ္မတ ဦးသိန်းစိန်သည် စစ်အုပ်ချုပ်ရေးစနစ်မှ ပါလီမန် ဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ် အရွေ့တွင် ပထမဦးဆုံး ပေါ်ပေါက်လာသည့် သမ္မတ ဖြစ်ရလေ၏။

ပြင်ဦးလွင် စစ်တက္ကသိုလ် အပတ်စဉ် (၉)တွင် တက်ရောက်ခဲ့ပြီး ၁၉၆၇ ခုနှစ်တွင် သင်တန်းဆင်းရာ၊ ဗိုလ်သိန်းစိန် ဖြစ်လာခဲ့ရလေ၏။

နိုင်ငံတကာ အတွေ့အကြုံရှိပြီးလျှင် နာမည်ပျက်စာရင်းမရှိ စိမ့်ထမ်းလုပ်သက် ကြာလာသည်နှင့်အမျှ ရာထူးများလည်း တဖြည်းဖြည်း မှန်မှန်လေး တက်လာခဲ့ရလေ၏။

ဦးသိန်းစိန်သည် နအဖခေတ်တွင် အတွင်းရေးမှူး(၂)၊ ထို့နောက် အတွင်းရေးမှူး(၁) တစ်ဆင့်ပြီး တစ်ဆင့်တက်ခဲ့ရာ ၂၀၀၈ ခုနှစ်၊ အောက်တို ဘာလတွင် ဝန်ကြီးချုပ် ဖြစ်လာခဲ့ပြန်၏။

၂၀၁၀ ပြည့်နှစ် ဧပြီလ (၂၄)ရက်နေ့တွင် ရွေးကောက်ပွဲဝင်ရန်အတွက် ဗိုလ်ချုပ်ကြီးရာထူးမှ နုတ်ထွက်ကာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ ဥက္ကဋ္ဌအဖြစ် တာဝန်ယူလိုက်လေတော့၏။

www.burmeseclassic.com





နိုင်ငံတော် သမ္မတကြီး ဦးသိန်းစိန်
လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်တို့တွေ့ဆုံပြီးအမှတ်တရ

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလတွင် ကျင်းပသော ရွေးကောက်ပွဲတွင် အနိုင်ရပြီး ပြည်ထောင်စုမြန်မာနိုင်ငံသမ္မတ ဖြစ်လာခဲ့ရလေ၏။

သမ္မတ ဦးသိန်းစိန် ဖြစ်လာသည့်အခါ ခေါက်ရိုးကျိုးနေသော စစ်မှုထမ်းများနှင့် ဒီမိုကရေစီလိုလားသော ဟိုဘက်ဒီဘက် အကြားတွင် ရိုးသားဖြောင့်မတ်စွာ ရပ်တည်ပြီး ဒီမိုကရေစီ နိုင်ငံတော်ကို ခိုင်မြဲစွာတည်ဆောက်ခဲ့ရလေ၏။

လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ဖိတ်ခေါ်ကာ ပူးပေါင်းဆောင်ရွက်မှုကို လက်တွဲခေါ်ကာ လွှတ်တော်အတွင်းသို့ ဝင်ရောက်စေ၏။





ငြိမ်းချမ်းရေး ပန်းခင်းလမ်းကိုလျှောက်ကာ လက်နက်ကိုင်လူတစ်စုနှင့် ငြိမ်းချမ်းရေး လက်ကမ်းကြိုဆိုရင်း ဆွေးနွေးမှုများ ပေးခဲ့လေ၏။

သမ္မတကြီး ဦးသိန်းစိန်သည် ဒီမိုကရေစီစနစ် နိုင်ငံတော်သို့ ကူးပြောင်းရာတွင် အကြောက်တရားများကို ပပျောက်စေရန် ရင်းခဲ့မှုများက လွှန်စွာမှများပြားလှလေ၏။

ထို့ကြောင့် လူထုက သမ္မတကြီး ဦးသိန်းစိန်အား ဩဘာ လက်ခုပ်တီးကာ ထောက်ခံအားပေးခြင်း ခံရလေ၏။

သမ္မတကြီး ဦးသိန်းစိန်သည် ဗိုလ်ချုပ်ကြီးရာထူးတာဝန်များကို ထမ်းဆောင်သူဖြစ်သော်လည်း လူထုအားစစ်မိန့်မပေး ဂရုဏာ စေတနာဖြင့် အုပ်ချုပ်သည့်အတွက် လူထုကလွန်စွာမှ လေးစားကြလေတော့သည်။ ။



နိုင်ငံတော် သမ္မတကြီး ဦးသိန်းစိန်
ကုလသမဂ္ဂအထွေထွေညီလာခံတွင် မိန့်ခွန်းပြောကြားနေစဉ်

www.burmeseclassic.com



# လူထုကိုယ်စား

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ပါလီမန် ဒီမိုကရေစီခေတ် (၁၉၄၈-၁၉၆၂)များက ရွေးကောက်တင်မြှောက်ခဲ့ရသည့် နိုင်ငံတော်သမ္မတ (၃)ဦးကား "အမြည့်ခံ" သမ္မတ ရာထူးများသာဖြစ်၍ တိုင်းပြည်အတွက် လုပ်ဆောင်ချက်များ လုံးဝမရှိခဲ့ချေ။

ဖဆလခေတ် (၁၉၇၄-၁၉၈၈) သမ္မတတာဝန်ထမ်းဆောင်ခဲ့သော ဦးနေဝင်း၊ ဦးစန်းယု တို့သည်လည်း ဗိုလ်ချုပ်ကြီးများ ဖြစ်သောကြောင့် တစ်ပါတီအာဏာစနစ်ဖြင့် နိုင်ငံရေး ခေါင်းဆောင်သူများက ၎င်းတို့က အာဏာစက်နှင့်သာ အုပ်ချုပ်ခဲ့ရလေ၏။

ရှစ်လေးလုံး ဒီမိုကရေစီ အရေးအခင်း အရေးတော်ပုံကြီးတွင် (၁၇)ရက်ကြာ သမ္မတဖြစ်ခဲ့သော ဦးစိန်လွင်မှာလည်း စစ်ဘက်က ဖြစ်သောကြောင့် စစ်သွေးကြွသူ ဖြစ်သည့်အလျောက် ၎င်းမှာလည်း အာဏာရှင်တစ်ယောက်ပင် ဖြစ်ခဲ့ဖူးလေ၏။





ဒေါက်တာ မောင်မောင်ဆိုသူမှာလည်း ၁၉၈၈ ခုနှစ်၊ အရေးအခင်းကာလက သမ္မတဖြစ်ခဲ့ဖူးသော်လည်း ၎င်းသမ္မတသက်တမ်းမှာ အဖမ်းအဆီး သွေးထွက်သံယိုမှုတွေ လုံးဝမရှိ၊ ရွေးကောက်ပွဲ လုပ်ပေးမည်၊ သမဂ္ဂအဆောက်အအုံကို ပျော်ပျော်ပါးပါး အုတ်မြစ်ချပေးမည်ဟုဆိုသော်လည်း လူထုက မယုံကြည်ကြချေ။

ဒေါက်တာမောင်မောင် သမ္မတ သက်တမ်း(၁)လမှာ မြန်မာပြည်မှာ ရဲစခန်းမရှိ၊ တရားရုံးမရှိ၊ အုပ်ချုပ်ရေးပျက်ပြားနေပြီး လူထုမှာ ပိုမိုစိုးရွံ့မှုများ၊ စည်းကမ်းပျက်မှုများဖြစ်အောင် ဖန်တီးပြီး သမ္မတ ဒေါက်တာမောင်မောင်မှာ အမျက်ဒေါသထွက်ကာ တပ်မတော်ကို လက်ယပ်ခေါ်လိုက်ရလေ၏။

ဤသို့ဖြင့်...

ယခုအခါ ဒီမိုကရေစီနိုင်ငံတော်ကြီးကို သမ္မတကြီး ဦးသိန်းစိန်နှင့် လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်တို့ ဦးဆောင်ကာ လူထု၏အကျိုးကို ဆောင်ရွက်နိုင်ကြပါစေလို့....။

လူထုကိုယ်စား

ဒေါ်အုန်းကြည်သား

၂၀၁၂-စက်တင်ဘာလ(၉)ရက်

တနင်္ဂနွေနေ့ မနက်(၁၀)နာရီ



www.burmeseclassic.com

www.burmeseclassic.com



## ကျမ်းကိုး

၁။ သမိုင်းသုတေသနဦးစီးဌာန(နေပြည်တော်)က ထုတ်ဝေသည့် "ခေတ်ရေစီးထဲက ပုဂ္ဂိုလ်များ"
၂၀၁၁ ခုနှစ်

၂။ ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ (၆) ရက်နေ့ထုတ် NORTHERN STAR ဂျာနယ်မှ ဆရာအောင်စွမ်း၏ "နိုင်ငံတော်သမ္မတများ" ဆောင်းပါးမှ

၃။ ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ (၁၈) ရက်နေ့ထုတ် ရန်ကုန်တိုင်းဂျာနယ်မှ ဆရာသန့်ကျော်ဇင် ရေးသားသည့် "ကျေးတောသား ကလေးမှသည် သမ္မတကြီး အဖြစ်သို့" ဆောင်းပါးမှ





## ကောင်းထွဋ်စာပေမှ ထွက်ရှိပြီးစာအုပ်များနှင့် ဆက်လက်ထွက်ရှိမည့်စာအုပ်များ

၁။ ဗိုလ်ချုပ်စကား မိုးကြိုးသွား
**ဒေါ်အုန်းကြည်သား(ရှာဖွေစုဆောင်းတင်ပြသည်)**

---

၂။ ဒေါ်အောင်ဆန်းစုကြည်၏ နိုင်ငံရေးအမြုတေ
**ဒေါ်အုန်းကြည်သား(ရှာဖွေစုဆောင်းတင်ပြသည်)**

---

၃။ ဝရမ်းပြေးဘဝ ရောက်ခဲ့ဖူးသည့် သခင်အောင်ဆန်း
**ဒေါ်အုန်းကြည်သား(ရှာဖွေစုဆောင်းတင်ပြသည်)**

---

၄။ ဒီမိုကရေစီရဲ့အလင်းရောင် လူထုရဲ့ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်
**နှတ်လှုပ်မိုး**

---



www.burmeseclassic.com